# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ)
# National League for Democracy (Liberated Area)

## အမေရိကရောက် မျိုးချစ်မြန်မာများ၏ ခရီးရှည်ချီတက်ပွဲနှင့် အစာငတ်ခံ ဆန္ဒပြပွဲအပေါ် သဘောထား ထုတ်ပြန်ကြေညာချက်

ရက်စွဲ။ ။ ၀၆ – ၀၉ – ၂၀၀၄

ကမ္ဘာတလွှားရှိ မြန်မာ့ဒီမိုကရေစီရေး ကြိုးပမ်းမှု အားလုံးကို အားပေးထောက်ခံရန် အသင့်ရှိသော အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ)သည် အမေရိကန်ပြည်ထောင်စုရောက် မြန်မာများ၏ မြန်မာ့ဒီမိုကရေစီရေး ခရီးရှည်လမ်းလျှောက်ချီတက်ပွဲနှင့် အစာငတ်ခံ ဆန္ဒပြပွဲအတွက် လှိုက်လှဲစွာ ဂုဏ်ယူလျက် ရှိပါသည်။

အခက်အခဲများစွာကို ကျော်ဖြတ်၍ ဤခရီးရှည်ချီတက်ပွဲနှင့် အစာငတ်ခံ ဆန္ဒပြပွဲကို ထမြောက်အောင် စွမ်းဆောင်ခဲ့ကြသူ အားလုံးတို့၏ ဇွဲလုံ့လနှင့် နိုင်ငံအပေါ် ထားရှိသော စေတနာကိုလည်း ကျေးဇူးစကား ဆိုပါသည်။ ပြည်တွင်းရှိ အဖိနှိပ်ခံ ပြည်သူ ၅၃ သန်းနှင့် အမိမြေကို စွန့်ခွာထားရသော အဝေးရောက် မြန်မာလူမျိုး များစွာတို့သည် ဤကြိုးပမ်းမှုတွင် စိတ်ဓာတ်ရေးရာအားဖြင့် ထပ်တူထပ်မျှ ပူးပေါင်းပါဝင် နေကြပါသည်။

လွတ်လပ်မှုကို မြတ်နိုးတောင့်တလျက် ရှိသော ပြည်တွင်းပြည်ပရှိ မြန်မာနိုင်ငံသား အားလုံးတို့၏ကိုယ်စား မိုင် ၁၆၀ ခရီးကြမ်းကို ချီတက်နေသည့် မျိုးချစ်ပုဂ္ဂိုလ်များ၏ ခရီးစဉ် ရာနှုန်းပြည့် အောင်မြင်မည်ဟု ယုံကြည်ပါသည်။ ကြုံတွေ့ရင်ဆိုင်ရမည့် အခက်အခဲများကိုလည်း မြန်မာလူမျိုးတို့၏ ဇွဲသတ္တိနှင့် အနစ်နာခံစိတ်များက ဖြေရှင်းပေးသွားမည်ဟု သိနားလည် မျှော်လင့်ပါသည်။

မိမိတို့၏ သဘောဆန္ဒကို ထုတ်ဖော်ပြောဆိုခွင့် မရှိသည့် သံကန့်လန့်ကာနောက်မှ ပြည်သူအားလုံးတို့သည် ဤခရီးရှည်ချီတက်နေသည့် ပုဂ္ဂိုလ်များ၊ လူ့အခွင့်အရေးကို တမ်းတောင့်တလျက် ရှိသော ပြည်သူတရပ်လုံး ကိုယ်စား အစာငတ်ခံ တိုက်ပွဲဝင်မည့် ပုဂ္ဂိုလ်များအား ရာနှုန်းပြည့် အားပေးထောက်ခံလျက် ရှိပါသည်။ မြန်မာနိုင်ငံအတွက် စိုးရိမ်ပူပန်မိကြောင်း အကြိမ်ကြိမ် ဖွင့်ဟသတိပေးခဲ့သော လေးစားအပ်သည့် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်သည် စိုးရိမ်ပူပန်မှုနှင့်ယှဉ်သော ရဲရင့်စွာ တာဝန်ယူမှုကို ပြသလာလိမ့်မည်ဟုလည်း မြန်မာနိုင်ငံ ပြည်သူများက မျှော်လင့်အားကိုးလျက် ရှိပါသည်။

လူသားဘဝ၏ ဂုဏ်သိက္ခာနှင့် ရပိုင်ခွင့်ခပ်သိမ်း ဆုံးရှုံးနေရသော ကမ္ဘာ့လူသား ၅၃ သန်းအတွက် ဝမ်းနည်းကြောင်း ပြောဆိုခြင်း၊ စစ်အုပ်စုမှ လိုက်နာမည် မဟုတ်သည့် တိုက်တွန်းမှုများ ဆုံးဖြတ်ချက်များ အကြိမ်ကြိမ် ချမှတ်ခြင်းများသည် နှစ်ပေါင်းကြာရှည်လာသော်လည်း မည်သို့မျှ ကြီးကြီးမားမား ထိရောက်မှု မရှိခဲ့ပါ။ ကုလသမဂ္ဂနှင့် ၎င်း၏ခေါင်းဆောင်များအနေဖြင့် မြန်မာပြည်သူတို့၏ ဒုက္ခကို ပေယျာလကံပြုရာ ရောက်သည့် လေးလံပျော့နွဲ့သော လုပ်ထုံးလုပ်နည်းများကို စွန့်ပယ်ကာ ကမ္ဘာ့မိသားစုအတွင်းမှ နိုင်ငံတခု၏အရေးကို ပြီမ်းချမ်းသော နည်းလမ်းများဖြင့် ထိရောက်စွာ ရဲရဲရင့်ရင့် ကိုင်တွယ်ဖြေရှင်းပေးစေလိုပါသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်–လွတ်မြောက်နယ်မြေ

For more information:
Contact person – Dr. Hlaing Tun (Private Secretary to the Chairman)
+ 66-55-54-2032; +66-70-80-3987